# နာဂိုယာမြို့ အမျိုးသားကျန်းမာရေးအာမခံ လက်စွဲစာအုပ် (အကျဉ်းချုပ်)

1. အမျိုးသားကျန်းမာရေးအာမခံတွင် အာမခံထားရှိခြင်းနှင့်စပ်လျဉ်း၍

(1) အမျိုးသားကျန်းမာရေးအာမခံဆိုသည်မှာ

ဂျပန်နိုင်ငံတွင်နေထိုင်သည့် မည်သည့်နိုင်ငံသားမဆို အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံတစ်မျိုးမျိုးသို့ စာရင်းသွင်းရပါမည်။ ပရီမီယံကြေးကို အာမခံထားသူအားလုံးမှ မျှဝေကျခံခြင်းအားဖြင့် ဆေးရုံ၌ သင်ပေးချေရမည့် ပိုက်ဆံမှာ ဆေးကုသစရိတ်၏ 30% သာ ရှိပါမည်။

(2) အမျိုးသားကျန်းမာရေးအာမခံတွင် အာမခံထားရှိခြင်း

အခြေခံမူအားဖြင့် နေထိုင်ခွင့် 3 လနှင့်အထက်ရှိသည့် နိုင်ငံခြားသားများသည် အမျိုးသားကျန်းမာရေးအာမခံတွင် အာမခံထားရှိရပါမည်။ အာမခံထားရှိမှုသည် ဆန္ဒအလျောက်မဟုတ်ဘဲ **မထားမနေရဖြစ်ပါသည်။** ဤသည်ကို ဂျပန်နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

(3) အမျိုးသားကျန်းမာရေးအာမခံ၌ အာမခံထားသည့် လုပ်ထုံးလုပ်နည်းများကို 14 ရက်အတွင်းလုပ်ရမည်ဖြစ်



နာဂိုယာမြို့သို့ ပြောင်းရွှေ့လာသည့်ရက်မှ **14 ရက်အတွင်း** သင်နေထိုင်ရာရပ်ကွက်ရှိ ရပ်ကွက်ရုံးမှ ကျန်းမာရေးအာမခံနှင့် ပင်စင်ဌာနခွဲ သို့မဟုတ် ရပ်ကွက်ရုံးခွဲမှ ရပ်ကွက်နေထိုင်သူလူမှုဖူလုံရေးဌာနခွဲတို့တွင် အာမခံထားသည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။

◆ လုပ်ထုံးလုပ်နည်းဆောင်ရွက်မှု နှောင့်နှေးပါက…

・ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်ကို လုပ်ထုံးလုပ်နည်းလုပ်ဆောင်သည့်နေ့မှသာ စတင်အသုံးပြုနိုင်ပါမည်။

・ပရီမီယံကြေးကို နာဂိုယာမြို့သို့ ပြောင်းရွှေ့လာခဲ့သည့်လအထိ ပြန်လည်ပေးသွင်းရပါမည်။

2. ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်အသုံးပြုနည်းနှင့်စပ်လျဉ်း၍

・ဆေးရုံ၌ ဆေးကုသမှုခံယူသည့်အခါ ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်ကို ပြသပါ။ ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်ကို ပြသခြင်းအားဖြင့် သင်သည် ဆေးကုသစရိတ်၏ 30% ကိုသာ ဆေးရုံသို့ပေးချေရမည်ဖြစ်ပါသည်။

・ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်ကို အခြားသူထံမှငှားယူခြင်း၊ အခြားသူအားငှားပေးခြင်းတို့ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရပါမည်။

・ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်ကို သင်နေထိုင်ရာရပ်ကွက်ရှိ ရပ်ကွက်ရုံး(ရုံးခွဲ)တို့တွင် လက်ခံရယူပါ။



・ဆေးကုသစရိတ်မြင့်မားနိုင်ချေရှိသည့်အခြေအနေတွင် သင်နေထိုင်ရာရပ်ကွက်ရှိ ရပ်ကွက်ရုံး (ရုံးခွဲ) တွင် ကန့်သတ်ငွေပမာဏလျှောက်ထားမှုအသိအမှတ်ပြုလက်မှတ်ကို လက်ခံရယူပြီး ကျန်းမာရေးအာမခံအဖြစ်အပိုင်လက်မှတ်နှင့်အတူ ဆေးရုံသို့ပြသလိုက်ပါက ဆေးကုသစရိတ်ပေးချေမှုအတွက် ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်မည်ဖြစ်ပါသည်။

*ပရီမီယံကြေးကြွေးကျန်ရှိနေပါက ကန့်သတ်ငွေပမာဏလျှောက်ထားမှုအသိအမှတ်ပြုလက်မှတ်ကို အသုံးမပြုနိုင်ပါ။

3. အမျိုးသားကျန်းမာရေးအာမခံ ပရီမီယံကြေး တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍

(1) ပရီမီယံကြေး တွက်ချက်ခြင်း၊ သတ်မှတ်ခြင်း

・ပရီမီယံကြေးကို တပြေးညီပမာဏ (အာမခံထားသူဦးရေအရ ဖြစ်ပေါ်လာသောအပိုင်း) နှင့် ဝင်ငွေအလိုက်ပမာဏ (ဝင်ငွေအရ ဖြစ်ပေါ်လာသောအပိုင်း) တို့ဖြင့် ဖွဲ့စည်းထားပါသည်။

・ပရီမီယံကြေးပမာဏကို နှစ်စဉ် ဇွန်လ၌ ဆုံးဖြတ်သတ်မှတ်ပြီး ငွေပေးသွင်းမှုအကြောင်းကြားစာဖြင့် အသိပေးအကြောင်းကြားပါသည်။

*အမျိုးသားကျန်းမာရေးအာမခံတွင် အာမခံထားရှိသည့် ဘဏ္ဍာနှစ်အတွက် ပရီမီယံကြေးပမာဏကို အခြေခံမူအားဖြင့် အာမခံထားရန်လျှောက်ထားသည့်လ၏ နောက်တစ်လတွင် အကြောင်းကြားသွားမည်ဖြစ်ပါသည်။



**ညာဘက်ရှိ တွက်ချက်မှု ဥပမာတွင် ပြထားသည့်အတိုင်း ယခင်နှစ်၏ အသားတင်ဝင်ငွေ(စုစုပေါင်းဝင်ငွေ) တိုးလာသည်နှင့်အမျှ (နောက်တစ်နှစ်၏ ဇွန်လမှစတင်ပြီး) ပရီမီယံကြေး တိုးလာမည်ဖြစ်ပါသည်။**

ပရီမီယံကြေး တွက်ချက်မှုဥပမာ (အသက် 40 အောက် တစ်ဦးတည်းအိမ်ထောင်စုဖြစ်ပါက)

◆ နမူနာဖြစ်စဉ် (1) (ယခင်နှစ်၏ လစာဝင်ငွေမှာ ယန်း 10.8 သိန်းဖြစ်)

⇒ 1 လလျှင်**ယန်း 1,600 ခန့်**

◆ နမူနာဖြစ်စဉ် (2) (ယခင်နှစ်၏ လစာဝင်ငွေမှာ ယန်း 15 သိန်းဖြစ်)

⇒ 1 လလျှင်**ယန်း 8,500ခန့်**

◆ နမူနာဖြစ်စဉ် (3) (ယခင်နှစ်၏ လစာဝင်ငွေမှာ ယန်း 20 သိန်းဖြစ်)

⇒ 1 လလျှင် **ယန်း 14,400 ခန့်**

(2) ပရီမီယံကြေးလျှော့ချခြင်း

ယခင်နှစ်၏ဝင်ငွေသည် ပုံသေပမာဏအောက်သို့ရောက်သွားပါက ပရီမီယံကြေး အလိုအလျောက် လျှော့သွားမည်ဖြစ်ပါသည်။

(3) ပရီမီယံကြေး လျှော့ပေါ့ခွင့်နှင့်ကင်းလွတ်ခွင့်

လျှော့ပေါ့ခွင့်နှင့်ကင်းလွတ်ခွင့် ရရှိရန်အတွက်

① စံနှုန်းများဖြင့် ကိုက်ညီရန် လိုအပ်သည်။

② ရပ်ကွက်ရုံး (ရုံးခွဲ) သို့ လျှောက်ထားရန် လိုအပ်ပါသည်။

◆ လျှော့ပေါ့ခွင့်နှင့်ကင်းလွတ်ခွင့်စနစ်၏ အဓိကဥပမာများ

・[ဝင်ငွေကျဆင်းခြင်း]...ယခုနှစ် ဝင်ငွေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့နည်းသွားသည့်အခါ ဝင်ငွေအလိုက်ပမာဏ၏ 30% မှ 70% အထိ လျှော့ကျသွားမည်ဖြစ်ပါသည်။



လက်တွေ့တွင် ဝင်ငွေ သိသိသာသာကျဆင်းသွားခြင်းမရှိပါက လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နောက်ဆက်တွဲအဖြစ် ပရီမီယံကြေး ပေးဆောင်ရမည်ဖြစ်ပါသည်။




4. ပရီမီယံကြေး ပေးချေခြင်းနှင့်စပ်လျဉ်း၍

・ပရီမီယံကြေးကို လစဉ်အရစ်ကျဖြင့် ပေးချေပါ။

・ပရီမီယံကြေးကို ဘဏ်ငွေစာရင်းမှ ဖြတ်ခြင်းဖြင့် ပေးချေပါ။

・ဘဏ်ငွေစာရင်းမှဖြတ်သည့် လုပ်ထုံးလုပ်နည်းအတွက် အေတီအမ်ကတ်လိုအပ်သောကြောင့် ရပ်ကွက်ရုံးသို့ အေတီအမ်ကတ် ယူဆောင်လာပါ။

・ပရီမီယံကြေးကို**လစဉ် လကုန်ရက်**(လကုန်ရက်သည် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ရုံးပိတ်ရက်ဖြစ်ပါက နောက်တစ်ရက် ရုံးဖွင့်ရက်)တွင် ဘဏ်ငွေစာရင်းမှ ဖြတ်ပါမည်။

・ဘဏ်ငွေစာရင်းမှ ဖြတ်တောက်မှုမစမီအထိ ငွေပေးချေမှုစလစ်ဖြင့် ပရီမီယံကြေး ပေးချေပါ။

◆အမျိုးသားကျန်းမာရေးအာမခံပရီမီယံကြေးသည် အခွန်နှင့်အလားတူ မပျက်မကွက် ပေးဆောင်ရမည့်တာဝန်ရှိပါသည်။

◆အချို့သောဘဏ္ဍာရေးအဖွဲ့အစည်းများတွင် ဘဏ်ငွေစာရင်းထဲသို့ငွေလွှဲပေးခြင်းအတွက် ဝက်ဘ်ဆိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

5. ပရီမီယံကြေး ပေးချေရန် နှောင့်နှေးနေပါက

・အလုပ်နေရာ (အချိန်ပိုင်းအလုပ်နေရာ) သို့ ဖုန်းခေါ်ဆိုခြင်းမျိုး ရှိပါမည်။

・နောက်ဆက်တွဲအဖြစ် ငွေပေးချေမှုပြုလုပ်ရပါမည်။

・ဥစ္စာပစ္စည်းများကို သိမ်းယူပါမည်။

**・နေထိုင်ခွင့်ကာလသက်တမ်းတိုးခြင်း မပြုနိုင်တော့သည့်အဖြစ်မျိုး ရှိပါမည်။**




くわしくはこちら（日本語）→

◆ စုံစမ်းမေးမြန်းရန်အတွက် သင်နေထိုင်ရာရပ်ကွက်ရှိ ရပ်ကွက်ရုံးမှ ကျန်းမာရေးအာမခံနှင့် ပင်စင်ဌာနခွဲ၊ ရပ်ကွက်ရုံးခွဲမှ ရပ်ကွက်နေထိုင်သူလူမှုဖူလုံရေးဌာနခွဲတို့သို့ ဆက်သွယ်ပါ။